မုံရွေးဆရာတော်

# မင်္ဂလသုတ်ပျို့

နှင့်

(ခက်ဆစ်-အဖြေ)

၃၁၂

သုဓမ္မဝတီစာပုံနှိပ်တိုက်။
တိုက်နံပါတ် ၅၅၊ စဉ်ကဲမောင်ဒိုင်လမ်း၊ ရန်ကုန်မြို့။

1951

279

၂၁၇၉၀

မုံရွေးဆရာတော်

# မင်္ဂလာသုတ်ပျို

နှင့်

(ခက်ဆစ်-အဓိပ္ပာယ်)

**Mingala Thok Pyo.**

[illegible]

ဦးလှမောင် M.A., M.S., B.L.

ဒေါက်တာစိန်[illegible] B.A.(H[illegible]

[illegible]

သုဓမ္မဝတီ-ကျောင်းသုံး၊ စာအုပ်-ထုတ်[illegible]

[illegible] ၁၃၅၉ ခုနှစ်

BANDOOLA [illegible]

# နိဒါန်း။

နေ့,လအသွင်၊ ထင်ရှားတော်မူသော မုံရွေး ဇေတဝန် ဆရာတော် ဘုရားကြီးသည်၊ နောင်လာနောက်သား၊ မျိုးလေးပါးတို့အား၊ မေတ္တာဓာတ် အရင်း၊ ကရုဏာ မကင်းသော ကြောင့်၊ သနားခြင်းပိုသဖြင့်၊တပည့်ရင်းပမာ၊ ငဲ့ညှာထောက်ထားတော်မူကာ၊ ပုဂ္ဂိုလ် သာမန်, လူသာမန်ကို မဆိုထားဘိ၊ အသင့်အတင့်ဉာဏ်,ပညာ အခြေခံရှိသူပင်သော်လည်း၊ ကျ,နစွာ သိမြင်ရန် လွယ်ကူသော အရာမဟုတ်သော ဤမင်္ဂလသုတ္တန်ဒေသနာတော်ကြီးကို၊ တည်ကြည် ခံ့ညားသော အသုံးအနှုန်း၊ စကားလုံး ပြောင်လက်စွာနှင့်၊ ကျက်မှတ်ချင်စဖွယ်၊တင့်တယ်သန့်ရှင်း၊အဓိပ္ပါယ်ထင်ထင် လင်းလင်း၊ ချောမောသော စကားကို သွင်းကာ၊ ပညာရှိ ကဝိတဆု၊ပါရဂူမြောက်၊ပုဂ္ဂိုလ်တပါး ဖြစ်သည်အားလျော်စွာ၊ မြန်မာလူမျိုးတို့၏ “ကဗျာ”စာပေတွင် အထက် တန်းကျကျနှင့်မျက်နှာပန်းလှသဖြင့်၊ “မနံ့ပိနေတိတိပျို့”ဟူသော ဝိဂြိုဟ်နှင့်အညီ၊မင်္ဂလသုတ်ပျို့ ဟူသောအမည်ဖြင့်တည်ထွင်ကာ ရေးသားတော်မူခဲ့လေသည်။

ထိုသို့....လောကီ,လောကုတ်ဒွ, ဗဟုသုတ၊ ပြည့်ဝရုံလင်၊အာစာနည်ဝင်၊ ဉာဏ်ကြီးရှင်၊ ကဗျာ့ပါရဂူ ဆရာတော်ကြီး၏ လက်ရာတော်ဖြစ်ရကား၊ “ပျို့” ဟူသောအမည်ဖြင့် စပ်ဆိုတော်မူခဲ့သော်လည်း၊ အလေးအမြတ်မပြု

ဘဲ နေခြင်းငှါ၊ မသင့်လျော်သည်အား လျော်စွာ၊ သေသေ ချာချာ ကြည့်ပြီး၊ ဉာဏ်ရှိသလောက် ညှစ်ထုတ်မည် ဆိုသော်၊ တကဲ့အဘိုးတန် အဆီအနှစ်၊ ခြသေ့်ဆီ အစစ်ဖြစ်ကြောင်း၊ပညာရှင်တိုင်း ဝန်ခံကြရပေမည်မှာ ယုံမှားဘွယ်ရာမရှိပေ။

သို့ရာတွင်-လောကီ, လောကုတ္တရာ၊ အရာရာမှာ၊ အဟုတ်အဟတ်၊ စွယ်စုံမြောက် တတ်သော ပုဂ္ဂိုလ်မဟုတ်သေးက၊အလွယ်တကူ၊ ရှင်းရှင်းနှင့် ဖွင်းဖွင်းကြီး သိနိုင်မည်မဟုတ်သည်ကို သိမြင်တွေးမိတော် မူကြသည်အား လျော်စွာ၊ သန့်ရှင်း ကောင်းမွန်၊ သူမလွန်အောင်၊ သတိဆောင်ကာ၊ တည်းဖြတ် လိုက်ရပေသည်။


သို့ဖြစ်ရကား....ဤ "မင်္ဂလသုတ်ပျို့"ကို တည်းဖြတ်သုတ်သင်ရာ၌၊ ကျမ်းပြုဆရာတော်ဘုရားကြီး၏ အလိုဆန္ဒအာဘော်ကျ ဖြစ်စေခြင်းငှာ၊ ဆရာတော် ရေးသားတော်မူခဲ့သော ရတု,ရကန့်, ပျို့အဆုဆုစသော ကဗျာလင်္ကာများနှင့် "မင်္ဂလသုတ်ပျို့"မူကွဲစာစောင် များကိုပါ တိုက်ဆိုင်ကြည့်ရှုကာ၊ ကောင်းသည်ထက်ကောင်းစေလိုသော စိတ်ထားဖြင့်၊ကျွန်ုပ်တို့ သုခမ္မဝတီဘိုက်ကြီးမှ"ပျို့"နာမည်တူသော်လည်း၊ နမူနာထူးခြား၊ ခေတ်ဆန်သော အသိအထားတို့ဖြင့် ခမ်းနားသပ်ယပ်၊ ခေတ်မျက်စိနှင့်ဟပ်အောင် တည်းဖြတ်သုတ်သင်ကာ၊ထုတ်ဝေဖြန့်ဖြူးလိုက်ပါသတည်း။

သုခမ္မဝတီ-ဆရာများအဖွဲ့။

# မုံရွေးဆရာတော်ဘုရား၏
# အဋ္ဌုပ္ပတ်။

ဤကျမ်းပြု မုံရွေး ဆရာတော်ဘုရားကြီး၏ အဋ္ဌုပ္ပတ်ကို ပြဆိုပေအံ့။ ။ကောဇာသက္ကရာဇ် ၁၁၂၈-ခု ဖုသျှနှစ် နယုန်လဆန်း ၄-ရက် တနင်္ဂနွေနေ့ မွန်းတိမ်း။၁၆-ဘဝါး ပြည့် ၃-ချက်တီးကျော် နှစ်နာရီ နှစ်ပါဒ်။ ဆယ်ဗိဇနာလေးပြန်ခရာ။ ပြိဿ-တနင်္ဂနွေ, ဗုဒ္ဓဟူး၊ စနေ၊ မေရုန်-တနင်းလာ။ ကြကဋ်-ကြာသပတေး။ တူ-လက်။ မကာရ-အင်္ဂါ။ ကုံ-ရာဟု။ မိန်-သောကြာ အခါတွင် ကြေးမုံမြို့။ သူကြီး "ဦးဇေယျ" သူကြီးကတော် "မမင်းထွာ"၏သန္ဓေ တိုက်ခန်းမှ ရှင်လန်း ကြည်သာ သားရတနာကိုဖွားမြင်၍ လာသည်။

ဇာတာပုံ။



မိဘနှစ်ပါးတို့မှည့်ခေါ်သော ငယ်နာမည်ကား "မောင်အောင်မြ"ဟုမှည့်ခေါ်၏။ ၎င်းမောင်အောင်မြ ငါးနှစ်သားအရွယ်သို့ရောက်လျှင် မုံရွေးမြို့ အရှေ့တောင် မင်းကျောင်းဟူ၍၎င်း၊ အောင်မြေ တုလွတ်ကျောင်း၊ ကထျောကီ ရွှေကျောင်း၊ ဆင်ဖြူကျောင်း ဟူ၍၎င်း၊ အမည် လေးမျိုးဖြင့် ကျော်စောထင်ရှားသော ကျောင်းတိုက်ကြီး၌ သီတင်းသုံးနေတော်မူသော"ဝိစိတ္တာလင်္ကာရ သာသနဓရ မဟာဓမ္မရာဇာဓိ ရာဇဂုရု"တံဆိပ်တော်ရမဟာဝိစိတ္တဆရာတော်ဘုရားကြီး၏ အထံတော်မှာအပ်နှင်းသဖြင့် သူငယ်တို့သင်သင့် သင်ထိုက်၊ တတ်သင့် တတ်ထိုက်သော လောကုတ္တရာဘက် ဆိုင်ရာ သင်ပုန်းကြီး၊ မင်္ဂလသုတ် ပါဠိအနက်၊ နမက္ကာရ ဘုရားရှိခိုး၊သုတ္တဝန္ဒနာ ဘုရားရှိခိုး၊ငါးပါးသီလခံယူနည်း ပါဠိအနက်၊ဇာတ်တော်ကြီး ဆယ်စောင်၊ပရိတ်ကြီး၊ အတွင်းအောင်ခြင်း၊ အပြင်အောင်ခြင်း စသည်တို့နှင့် လောကီဘက်ဆိုင်ရာ ဗေဒင်နက္ခတ် ဓာတ် ဗိန္ဒောစသည်များကို သင်ကြား၍ ပေးသဖြင့် အသက် ခုနစ်နှစ်မျှရှိလျှင်၊ ပြဆိုခဲ့ပြီးသော အရပ်ရပ်တို့ကို သေချာ ကျနစွာတတ်မြောက်သဖြင့် ကလေးသူငယ်နှင့် မလိုက်အောင်အပြောအဆို၊ အနေအထိုင်၊ အစားအသောက်၊အသွားအလာ မှစ၍၊ အလွန်လိမ္မာတော်မူသတည်း။

မောင်အောင်မြ အသက်ရှစ်နှစ် အရွယ် ရောက်လျှင် မဟာဝိစိတ္တ ဆရာတော်ဘုရားကြီး ထံမှာပင် ရှင်သာမဏေ ဖြစ်သဖြင့်၊ ဆရာတော်ဘုရားကြီး မှည့်ခေါ်တော် မူ

သော ဘွဲ့တော်ကား "ကိုရင်-အာဒိစ္စ" ဟု မှည့်ခေါ်တော်မူသည်။ ရင်း ရှင်အာဒိစ္စ၏ ဆရာ ဖြစ်သော မဟာဝိစိတ္တ ဆရာတော် ဘုရားကြီးသည် ပြဆိုခဲ့ပြီးသော ကလျာဏီ ရွှေကျောင်းကြီး နှင့် မဟာဓေတဝန် ကျောင်းကြီး နှစ် ကျောင်းကို၊ များစွာသော ရဟန်းသံဃာတော် အခြံအရံ နောက်ပါနှင့် တလှည့်စီ သီတင်းသုံးတော်မူ၍၊ ပရိယတ်, ပဋိပတ် သာသနာတော်ကြီး၏ အကျိုးစီးပွါးကို ဆောင် ရွက်တော်မူသဖြင့် ဆရာတော် ဘုရားကြီး သီတင်းသုံး တော်မူရာကျောင်းသို့ ရှင်အာဒိစ္စ အမြဲမကွာ လိုက်ပါစေ ၍ ပညာသင်ပေးသဖြင့် အသက်ကိုးနှစ်အရွယ်ကပင်လော ကီ လောကုတ္တရာ ကျမ်းစာအဖြာဖြာကို ကောင်းစွာတတ် မြောက်တော် မူသဖြင့်၊ ဆရာတော် ဘုရားကြီး လက် ထောက်စာချအဖြစ်နှင့်၊ ရဟန်းရှင်လူတို့ကို ချပို့သင်ကြား ပြသဆုံးမ၍ နေတော်မူသည်။ တနေ့လျှင် ၁၂-ကြောင်း ပေကို ပစပ်နှင့် တကိုက် စာကျက်၍ ရသည်ဟု အစဉ်အ ဆက် လူကြီးများက ပြောသံကြားရဘူးပေသည်။

အသက် ၁၂-နှစ်မှာ၊ အာဒါသမုခပျို့၊ မဟာသီလဝပျို့ တို့ကို စပ်ဆိုတော်မူသည်။ အခြားစပ်မိ၍ ဆိုင်ရာ ရတုလူး တား ပျို့ကဗျာများကိုလည်း စပ်ဆိုတော်မူသည်။

ဤကဲ့သို့ စာပေချပို့ခြင်းဟောပြောခြင်း ရေးသားခြင်း နှင့်ပင် အသက် ၂၀-သို့ဝင်ရောက်လာသဖြင့် မဟာဝိစိတ္တ ဆရာတော်ဘုရားကြီး အထံတော်မှာပင် ပဉ္စမိတဒုရလ္လဘ ကို ရတော်မူပြီးသည့်နောက် ၃-ဝါအရတွင် ဆရာတော်

ဘုရားကြီးက၊ အထူးအမိန့်ရှိတော်မူသည်မှာ "မောင်အာဒိစ္စ၊ ပညာသင်သောသူတို့သည် ဆရာတဦးထည်းအထံမှ ပညာအခြေအနေ ပြည့်စုံ နိုင်လုံသည် ရှိသော်၊ ၎င်းကျမ်းဂန် ခက်ရာခက်ဆစ်တို့၌ ယူပုံဆပုံ ဆရာအမျိုးမျိုးတို့အထံ ဖှည့်လည်၍ နည်းခံဦးမှသာလျှင် မိမိ၏ဉာဏ်ပညာသည် ပဒေသာကဲ့သို့ ထွေထွေရာရာတို့ကို နှိုင်းချိန်၍ ယူဆနိုင်သည်။ သို့အတွက် ငါ့အထံမှ ထွက်ခွါ၍ ကျမ်းဂန်တတ်မြောက်သော အခြား ဆရာတော်များထံ ရှာကြံ၍ နည်းခံချေဦး"ဟု အမိန့်ပေးတော်မူသောကြောင့်၊ မုံရွေးမြို့၏ အနောက် မြန်မာခရီး လေးတိုင်ခွဲခန့် ဝေးကွာ၍သလ္လာဝတီမြစ်ခြားလျက် နေသော ဆားထုံး ဆရာတော်ဘုရားအထံမှာ ၃-နှစ်။ မုံရွာမြို့ အရှေ့ မုံရွေးမြို့၏ မြောက် ခရီး ၃—တိုင်ခန့်ဝေးကွာသော လယ်ဇင်ရွာ သက်ငယ်ကျောင်းဆရာတော် အသျှင် ပညာသာမိ အထံတော်မှာ ၃-နှစ်။ ၎င်းဆရာတော်ဘုရားများ အထံတော်မှာနေစဉ်ကလည်း အမျိုးမျိုး လောကီလောကုတ္တရာနှင့် စပ်လျဉ်းသော ပျို့ကဗျာ လင်္ကာမော်ကွန်း ရတုပိုဒ်စုံ လူးတား ဧချင်း ဆဲအန်စသည်တို့ကို ရေးသားတော်မူသည်။

မုံရွေးဆရာတော် ဘုရားသည်မည်သည့် စာမျိုးကို မဆို ပါဠိမြန်မာ နှစ်ဘာသာ လုံးကိုပင် ပေရွက် ထန်းရွက်ပုရပိုက်တို့၏အပေါ်၌ကညစ်မတွန့်ကန့်ကူဆံမတွန့် ရပြီးသားစာကို ရေးသကဲ့သို့၊ လျင်မြန်စွာ ရေးသား သိကုံးနိုင်သော ဇဝနဉာဏ်၊ ဂမ္ဘီရဉာဏ်၊ တိက္ခဉာဏ် တို့ဖြင့် ပေါ်

ပေါ်လွင်လွင်ကြီးရေးသားတော်မူနိုင်သဖြင့် များစွာသော ကျမ်းဂန်ဘတ် မထေရ်ကြီးများ၏ အချီးအမြှောက်ကို အကြိမ်ကြိမ်ငယ်စဉ်ကပင် ခံယူတော်မူခဲ့ရလေသည်။

ရဟန်းတော်အသျှင်အာဒိစ္စသည် လယ်ဇင်ဆရာတော်ဘုရားအထံမှ ငယ်ဆရာ မုံရွေး မဟာဝိစိတ္တ ဆရာတော်အထံတော်သို့၊ ရဟန်းဝါ ၉-ဝါအရ ပြန်၍နေပြီး ထပ်မံကာ သသိကရိုတ် ဘင်္ဂလီ နာဂရီ ဆန်း ကလာပ် ဝိဒက်စသောဘာသန္တရ ကျမ်းများကို သင်ကြားတော်မူသည်။

သက္ကရာဇ် ၁၁၂၂-ခုနှစ် နန်းတက်တော် မူသော နောင်တော်ကြီးမင်း လှူဒါန်း ဆက်ကပ်ခြင်း ခံရသော"ဝိစိတ္တာ လင်္ကာရ သာသနဓရ မဟာဓမ္မရာဇာဓိ ရာဇဂုရု" ဘွဲ့ တံဆိပ်တော်ခံ မဟာဝိစိတ္တ ဆရာတော် ဘုရားကြီးသည်သက္ကရာဇ် ၁၁၄၃-ခုနှစ် နန်းတက်သော"သိရိပဝရဝိဇယာနန္တယသတြိဘဝနာဒိတျာဓိပတိ ပဏ္ဍိတ မဟာဓမ္မရာဇာဓိရာဇာ' ဘွဲ့ခံဘိုးတော်ဘုရား ပဒုံမင်း ဦးဝိုင်း လက်ထက် သက္ကရာဇ် ၁၁၆၄-ခုနှစ်၌ မရဏာနတ်ထံက အပင့်သန်လှသဖြင့် မငြင်းဆန်သာဘဲ လိုက်ပါတော်မူလေသတည်း။ ၂ငင်းကျေးဇူးတော်အသျှင် ဆရာတော်ဘုရားကြီး ဘဝနတ်ထံ လိုက်စံတော်မူသော နှစ်၌ပင် အသျှင်အာဒိစ္စသည် သက်တော်(၃၆)နှစ် ရဟန်းဝါ (၁၇) ဝါ အရတွင် အမည်လေးခု ရသော ကလျာဏီ ရွှေကျောင်းတိုက်ကြီးနှင့် မဟာဇေတဝန် ရွှေကျောင်းတိုက်ကြီး နှစ်ခုကို ဆက်ခံတော် မူပြီးလျှင် ပရိယတ္တိ ပဋိပတ္တိ တည်းဟူ

သော သာသနာ့ ဝန်ကြီးကို ထမ်းဆောင်တော်မူသည်။အာ ရှင်အာဒိစ္စသည် ငယ်စဉ်ကစ၍ အသက်ထက်ဆုံး နံနက် အရုဏ်မတက်မီစောစောထ၍ နိသဇ်၊ ရုက္ခမူ၊ပိန္နည်း တိစီ ဝရိက်ရတင်တို့ကို အမြဲဆောက်တည်ပြီးလျှင်၊ ညဥ့်နံနက် ဘုရားဝတ်တက် ဝတ်ကပ်ပြုခြင်း၊ ကုသိုလ် ပြုဘိုင်း ဗိရိ ယာဓိက ဘုရားဆုပန်ဆင်တော်မူခြင်း၊ နံနက် ဆွမ်းစား အပြီးနှင့် ညဝတ်တက်ပြီးတို့၌ နေ့ဝါညဝါချပို့ခြင်း၊ နေ့ ဆွမ်းစားအပြီး ၁၂-နာရီလောက်က နာရီပြန်တချက် အ တွင်း အစာကြေစေခြင်းငှါ၊ ကျိန်းစက်တော်မူခြင်း၊ နာရီ ပြန် ၂-ချက်အတွင်းမှာ စာကြည့်ခြင်း။ ၃-နာရီမှ လေး နာရီအတွင်းစာရေးခြင်း။ ၄-နာရီမှ ၅-နာရီအတွင်းအရပ် ရပ်မှ အမေးပုစ္ဆာများကို ဖြေရှင်းတော် မူခြင်း၊ ညဝါချ အပြီး ၁၀-နာရီအတွင်း သမထ ဝိပဿနာကို အားထုတ် တော်မူခြင်း၊ ဤဝတ်များကို ကျိန်းမာတော်မူက အမြဲဝတ် ထားတော်မူသည်။

အရပ်ရပ်မှ ရဟန်း ရှင် လူတို့သည် လေးကာ-ခမ္ဘနှစ် ဌာနလုံးပင် အားထားရလေ သောကြောင့် အနီးအဝေးမှ လာရောက်၍ တရားစာပေ သင်ခြင်း၊ နာခံမှတ်သားခြင်း။ လာ၍ပင့်ဘိတ်ခြင်းနှင့်များးစွာထင်ပေါ်ပြီးလျှင် ငယ်နာမည် ပျောက်၍ မုံရွေးဆရာတော် မုံရွေးဆရာတော်ဟုထင်ပေါ် ကျော်စောတော်မူလေသတည်း။

"ပန်းသတင်း လေညှင်းဆောင် လူသတင်း လူချင်း ဆောင်"ဆိုသော ပေါရာဏစကားပုံနှင့်အညီ မုံရွေးဆရာ

တော်၏ ဂုဏ်သတင်း ကျော်စောခြင်းသည် ဘုရင့် ရွှေနားတော် အထိ ကြားသိ လေသောကြောင့်၊ သက္ကရာဇ် ၁၁၈၁ ခုနှစ် အဝမြို့ စတုတ္ထ မြို့တည်နန်းတည် ဖြစ်သော "ဿြီဘဝနာဒိ တျာဓိပတိ ပဝရပဏ္ဍိတ မဟာဓမ္မရာ ဇာဓိရာဇာ" ဘွဲ့ခံ ဘကြီးတော် မင်းတရားကြီး လက်ထက်၊ သက်တော် (၅၃) နှစ်၊ ဝါတော် (၃၄) ဝါ၊ ကျောင်းထိုင် (၁၇) နှစ်မြောက်၌၊ ဘကြီးတော် မင်းတရားကြီးက၊ မှူးကြီး မတ်ရာ သေနာပတိ ဝန်ရှင်တော်မင်းကြီးများ စောင့်ကြပ်စေ၍၊ ရတနာ(၇) ပါးဖြင့် စီချယ်အပ်သော ရွှေဝေါကြီးဖြင့်၊ ရွှေထီးတို့ကို မိုးကာစေလျက်၊ အရိယဝံသ အာဒိစ္စရံသီ မည်သော မုံရွေး မဟာဇေတဝန် ဆရာတော်ဘုရားကြီးကို နေပြည်တော်သို့ပင့်၍၊ နန်းတော်သို့ရောက်တော် မူသောအခါ၊ မူလကပင် ဆရာတော်၏ ဂုဏ်သတင်းကို၊ ရွှေနားတော်ကြားသိပြီးဖြစ်သည့်အတိုင်း၊ အထူးထူးသော ရာဇဓမ္မ မင်းနှင့်စပ်ဆိုင်ရာတို့ကို မေးလျှောက်သောအခါ၊ လောကီကျမ်း လောကုတ္တရာကျမ်း အကိုးအကားရုံလင်စွာ၊ အမျိုးမျိုးသော ဥပမာ ဥပမေယျ ထုံးပုံသက်သေ သာဓကတို့ဖြင့် တန်ဆာ ဆင်လျက် ဘုရင်၏ နှလုံး၌၊ တရွှင်ရွှင် တပြုံးပြုံး နားထောင်လို့မမုန်းနိုင်အောင် ဟောပြော်ပြသ ဆုံးမတော်မူနိုင်သော ဂမ္ဘီရ,ဇဝန,တိက္ခ ဉာဏ်တို့နှင့် ပြည့်စုံတော် မူခြင်းစသော အကြောင်းတို့ကို ကြည်ညိုသဖြင့် "ဈာနဝဇိရာ လင်္ကာရ သိရိ မဟာဓမ္မရာဇာဓိရာဇဂုရု" ဟူသောတံဆိပ်တော်ကို ပဌမ

အကြိမ် လှူဒါန်း ဆက်ကပ်၍၊ မင်းဆရာတော် တင်မြှောက်ပြီးသည့်နောက်၊ မင်းတရားကြီး တောင်းပန် သဖြင့် ရတနာပုံ စီချယ်အပ်သော မှန်နန်းတော်ကြီး အတွင်း၌၊ မဟာရာဇဝင်တော်ကြီးကို စီရင်ခြင်း၌ ဗွမ်းနိုင်တော်မူသော နာနာဂန္ထန္တရ ဗဟုသုတနှင့် ပြည့်ပုံတော် မူသောဂုဏ်တော်တို့ကို ကြည်ညိုမြတ်နိုးတော် မူပြန်သဖြင့်၊ ထပ်မံကာ "ရာဇ္ဇဝံဇိရာဘိလက်ခရ သိရိဓဇမဟာဓမ္မ ရာဇာဓိရာဇဂုရု" ဟူသော ဒုတိယတဖန် တံဆိပ်တော်နှင့် တကွ ရတနာပုံစီချယ်သော ဝေါ်-ယာဉ်-ရွှေထီး-ရွှေကျိုင်း ဝေါ်-ယာဉ် ထမ်းမည့်သူ၊ ရွှေထီး-ရွှေကျိုင်း မိုးကာမည့်သူများပါ လှူတော်မူသတည်း။

ထို့နောက်၊ အင်းဝမြို့-ထီးလှိုင်ဘုရား၏ အရှေ့မြောက်နားတွင်၊ ပြာသာဒ် ကျောင်း အမည်နှင့် ကျောင်းကြီးဆောက်လုပ်၍ လှူဒါန်းဆက်ကပ်သဖြင့်၊ ၎င်းကျောင်း၌သီတင်းသုံးတော်မူစဉ် ပြာသာဒ်ကျောင်းဘွဲ့ မော်ကွန်းနှင့် ဘုရင်မင်း တောင်းပန်ချက်အရ ကုသပျို့ကိုလည်း ရေးသားတော်မူသတည်း။

မုံရွေးဆရာတော်သည် မုံရွေးမှာတလှည့်၊ အင်းဝမှာတလှည့်၊လှည့်လည်၍ဝါကပ်တော်မူစဉ်ပင်၊ မုံရွာမြို့ သိရိမာလာမထေရ်၊ ညောင်ရှင်မြတ်၊ အထပ်ထပ်အခါခါ၊ အမျိုးမျိုး မေးလျှောက်သမျှတို့ကို၊ဖြေကြားတော်မူသောဝိသဇ္ဇနာများကို ရပေါင်း၍ သမန္တစက္ခုဒီပနီ ဟူသော အမည်

ဖြင့်ကျမ်းတခု ပြုရတော်မူသည်။ထို့ပြင်လည်း ကြီးကြွား အားလပ်တော်မူတိုင်းကျမ်းပေါင်းများစွာ ရေးသားတော် မူသတည်း။

(ရေးသားတော် မူခဲ့သော ကျမ်းစာရင်းကို ဤ၌ မပြ ဆိုပြီ၊ ထိုကျမ်းများတို့တွင် ၄၀–ကျော်မျှသာ တွေ့ရှိ၍ မူ ရုံအောင် ရှာ၍ မတွေ့သော စာလည်း အများ အပြား ရှိ သည်)။

မုံရွေး မဟာဇေတဝန် ဆရာတော် ဘုရားကြီးသည် သက်တော် (၆၀) ဝါတော် (၄၁) ဝါရှိတော် မူသော အခါ၊မုံရွေးမြို့ အရှေ့ခရီး ၃-မိုင်ကွာ ရွှေမြင်တင်တောင် ၏ ပတ်လည်လေးမျက်နှာတာပေါင်း (၁၀၀၀)ရှစ်ထောင် အတွင်း၊များစွာသော သတ္တဝါတို့ကို၊မည်သူမှ မသတ်မ ဖြတ်ရစေခြင်း ဇီဝိတ အဘယဒါန အလှူ၌၊ ဘုရင်မင်း မြတ်အထံခွင့်ပန် အလှူခံ၍၊ မုံရွေး နွားထိန်းသား ရွာတိုက် အတွင်းဝန်ကြီးနှင့် မဟာသက်တော်ရှေ အမတ်ကြီးများ ပါတိုင်ပင်ပြီးလျှင် ကျောက်တိုင် ရှစ်ချက် စိုက်တော် မူသ တည်း။

ယင်းသို့ အရိယဝံသ အာဒိစ္စရံသီ အမည်တော်ရှိသော မုံရွေးဆရာတော်ဘုရားကြီးသည်၊အထူးထူး အထွေထွေ အံ့ဩ၍ မကုန်အောင် ပေါ်များလှသော ဂုဏ်ထူးဝိသေသ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ကြီးပင် ဖြစ်ရ ပြားသော်လည်း၊ ဘုရားရှင် ကိုယ်တော်မြတ်ကို့ သော်မှ၊ မလွဲ မရှောင်သာ

သော မရဏာနိုင်ငံသို့၊ သက္ကရာဇ် ၁၁၉၆–ခုနှစ်၊ သက်တော် (၆၉)နှစ်၊ ဝါတော် (၅၀) အရတွင်၊ ရတနာပုရ အဝ နေပြည်တော် ပြာသာဒ်ကျောင်းကြီးမှာပင်နတ်ဖြပဋ္ဌာဝတ်ရှိပင့်ဆောင်သဖြင့် လိုက်ပါတော်မူလေသတည်း။

မုံရွေး ဆရာတော် ဘုရားကြီး၏

အဋ္ဌုပ္ပတ် အကျဉ်းချုပ် ပြီးပြီ။

# မင်္ဂလသုတ်ပျို့

နမော တဿ ဘဂဝတော အရဟတော

သမ္မာ သမ္ဗုဒ္ဓဿ။

အပိုဒ်-၁။

မဟာပရမေ၊ ငါးရန် ခြွေသျှက်၊ ကိုးထွေဂုဏ်ပျံ့၊ အရဟံ ထွတ်ချာ၊ မဟာသမ္ဗုဒ္ဓ၊ ဉာဏ်ပွင့်ဝါ၊ ဝိဇ္ဇာစရဏ၊ သမ္ပန္နဟု၊ တော်စုပြန့်ပြော၊ သုဂတော နှင့်၊ လောကဝိဒူ၊ ပြိုင်သူဝေးဆုတ်၊ အနုတ္တရ၊ လူ ထိုမျှကို၊ ဆုံးမနိုင်စွာ၊ လိမ်မာတတ်ကြွား၊ လှည်းယာဉ်မှူးဟု၊ အထူးမှတ်ရ၊ ပုရိသဒမ္မသာရထိ၊ ကျော်ရှိန်ညီ၍၊ ဒိဗ္ဗမာနုပါပ မွေးထူ၊ နတ်နှင့်လူကို၊ သုံးဆု ဝဋ်မှ၊ ကင်းလွတ် ထအောင်၊ ဟောပြ တတ်စွာ၊

---

မဟာပရမေ (ပါဋ္ဌိ) မဟာ=ကြီးကျယ်သော၊ ပရမ=မြင့် မြတ်သော ဘုရား။

အရဟံ (ဋ္ဌိ) ပူဇော်အထူးကို ခံတော်မူထိုက်သောဂုဏ်။

မဟာသမ္ဗုဒ္ဓ (ဋ္ဌိ)မဟာ-သံ-ဗုဒ္ဓ၊မဟာ=မြတ်သော၊သံ=ကိုယ်တော်တိုင်၊ဗုဒ္ဓ=သိမြင်သောဉာဏ်။

ဝိဇ္ဇာ (ဋ္ဌိ)ဝိဇ္ဇာ ၃-ပါး,ပညာဟူသောအနက်။

စရဏ (ဋ္ဌိ) ခြေနှင့်တူသော စရဏ ၁၅-ပါး။

သုဂတ (ဋ္ဌိ) လားခြင်းကောင်းသောဂုဏ်။

လောကဝိဒူ (ဋ္ဌိ) လောက=လောကသုံးပါး၊ ဝိဒူ=သိသည်။

အနုတ္တရ (ဋ္ဌိ)အနု-ဥတ္တရ၊အနု=မ,မရှိ၊ဥတ္တရ=မြင့်မြတ်ခြင်း။

ပုရိသ ဒမ္မသာရထိ(ဋ္ဌိ)ပုရိသ=ယောကျ်ား၊ဒမ္မ=သင်ကျေးစေရန်ဆုံးမခြင်း၊သာရထိ=ရထားထိန်း။

သဗ္ဗာ ပညပ်၊ လေးရပ် သစ္စာ၊ ဗိတ်ဖြာဖော်ပြ၊ ဗုဒ္ဓမည်
သာ၊ဘုန်းခြောက်ဖြာဖြင့်၊ ဘဂဝါ ဟူသည်၊အတည်တည်
ဖြင့်၊ ရောင်ခြည်ထောင်ပြည့်၊ ဝန်းဝန်း လှည့်သို့၊ နှိုင်းရှည့်
ဖက်ကင်း၊မင်းမင်းအထွတ်၊ နတ်နတ် အချုပ်၊ဗြဟ္မာတို့၊
ရတနာရောင်ဝှန်း၊မြတ်တန်ခွန်၏၊ စက်မွန်နှစ်ပုံ၊ထိုးဖြူရုံကို၊
ထိပ်ဒုံကာမိုး၊ရှိချွယ်ခိုး၏၊ကိုးနှင့်ခြောက်သွယ်၊အန္တ ရာယ်
လည်း၊ပျောက်ပြယ် ရှင်းလျက်၊ရာသက်ရိပ်ငြိမ်၊ စည်းစိမ်
ချမ်းသာ၊ပညာ,ဗလ၊ယသ,ကိတ္တိ၊သမ္ပတ္တိနှင့်၊သိဒ္ဓိလာဘ၊
မြိဋ္ဌဝရုံ၊သုခံ,ဘောဂ၊တေဇ,ဇေယျာ၊ဝိဇ္ဇာမယာ၊ကုဋ္ဌဖလံ၊
စက္ကုံ သီရိ၊ ကုဋ္ဌိဝဏ္ဏ၊ ပါမောက္ခဟု၊ကုသလရှိန်စော်၊ အာနု
ဘော်သည်။ ။နှိုင်းလျော် ရွှေလ တူစေသော်။

အပိုဒ်-၂။

ရတနာ ထွတ်ခေါင်၊မိတည်း နောင်သည်၊ ရွှေညောင် ဗုဒ္ဓဟော၊ပလ္လင်ဗွေ၌၊ သုံးထွေ မဂ်ဉာဏ်၊ လေးတန်သစ္စာ၊

---

သဗ္ဗာ-သစ္စာ (ဋီ) သဗ္ဗ=ဆုံးမတတ်သောဘုရား။ သစ္စာ=မှန်ကန်ခြင်း။

သိဒ္ဓိ လာဘ (ဋီ) သိဒ္ဓိ=ပြီးမြောက်ခြင်း, သိဒ္ဓိစုတ်၊လာဘ=လာဘ်ရခြင်း, လာဘစုတ်။

မြိဋ္ဌ (သက္ကဋ) အမြိဋ္ဌဓာတ်။

ဝရ (ဋီ) မြတ်သော,ဝရစုတ်။

မိတည်း=မိတေယျ—အရိမိတေယျ (ဋီ) အရိမေတ္တေယျ ဘုရား။ ။ ၎င်းဘုရားသျှင်၏ နောင်တော်ဖြစ်သော ဂေါတမဘုရားသျှင်ကို ဆိုလိုသဖြင့်၊ မိတည်း-နောင်ဟု စပ်ဆိုသည်။

ပလ္လင်=ပလ္လင်္က (ဋီ) ထက်ဝယ်ဖွဲ့ခွေ၊နေတော်မူကာ, မာရ်ငါးဖြာကို အောင်မြင်ရာဌာန။

ငါးဖြာ မာရ်အောင်၊ခြောက်ရောင်လင်းချွဲ၊ ရန်မျိုးပွဲလျက်၊ လေးဆဲ့ငါးဝါ၊ဒီဃာဘာယု ကျော်၊ ရှစ်ဆယ် မြော်က၊ ပြည့် ကျော် သာယာ၊ ကုသိနာ ၌၊မင်္ဂလာ ရပုံ၊ အင်ကြွင်းရုံက၊ ရွှေဘုံသာခန်း၊အမြိုက်နန်းကို၊စံမြန်းသည့်နောက်၊ လေးလ မြောက်တွင်၊ ပြိုင်ထောက်မရို၊ ရာဇဂြိုဟ် ၏၊ နဂိုရ်အရှေ့၊ လက်ယာ ကျွေ့တွင်၊ မြင့်ေွ မှောင်မှောင်၊ စိမ်းလဲ့ပြောင် သား၊တောင်ဝေဘာရ၊ပဗ္ဗတ၌၊ရတနာ့ အတိ၊ဝင်းဝင်းညို မှု၊ မဏိရောင်လျှပ်၊ ရွှေမဏ္ဍပ်ဝယ်၊ ချယ်တပ်မျက်ရှင်၊ ရွှေ ပလ္လင်ထက်၊ ရွှေဆင်စွယ်ယပ်၊သုံးသပ်ကိုင်နေ၊ ရှုမြွေဘည် စွာ၊ အာနန္ဒာအား၊ မဟာ ကဿပ၊ ရွှေနှုတ် ဟ၍,မင်္ဂလ သုတ္တန်၊ ထူးမြတ်လွန်ကို၊ဘဂဝန် မြတ်စွာ၊ဘယ်အခါတွင်၊ ဘယ်ရွာ,ဘယ်မြို့၊ ဘယ်သူတို့က၊ ဘယ်သို့မေးလှာ၊ ဘယ် ခြင်းရာဖြင့်၊ အခါနှေ့ညှ၊ ဟောလေရဟု၊ ထင်ပြသိလို၊မေး မိန့်ဆိုသည်။ ။သံချို ဝေဝေ ရွှန်းရွှန်းတည်း။

---

ဒီဃာယု(ဋ္ဌ) ဒီဃ-အာယု၊ ဒီဃ=ရှည်သော၊အာယု=အသက်တော်။

ကုသိနာ-ကုသိနာရာ(ဋ္ဌ)ကုသိနာရုံပြည်၊ယခုအခါ "ဗိရှန်ပုရ်"ခေါ် သည်။

ရာဇဂြိုဟ်(ပါဠိပျက်)ရာဇ-ဂဟ၊ရာဇ=မင်း၊ဂဟ=သိမ်းပိုက်ယူငင်ရာ မြို့ကိုဆိုလိုသည်။

မင်္ဂလသုတ္တန်(ဋ္ဌပျက်) မင်္ဂလ=မကောင်းသည်ကို ရိုက်ဖြတ်တတ်သော တရား၊သုတ္တန်-သုတ္တန္တ=သုတ္တန် ပိဋကတ်ကိုဆိုလိုသည်။

ဘဂဝန်(ဋ္ဌပျက်) ဘဂဝန္တ=ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူ သောမြတ်စွာဘုရား။

ဧဝံ မေ သုတံ၊ ဧကံ သမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ ဇေတဝနေ အနာထပိဏ္ဍိကဿ အာရာမေ။ အထခေါ အညတရာ ဒေဝတာ အဘိက္ကန္တာယ ရတ္တိယာ အဘိက္ကန္တဝဏ္ဏာ ကေဝလကပ္ပံ ဇေတဝနံ ဩဘာသေတွာ ယေန ဘဂဝါ တေနုပသင်္ကမိ၊ ဥပသင်္ကမိတွာ ဘဂဝန္တံ အဘိဝါဒေတွာ ဧကမန္တံ အဋ္ဌာသိ၊ ဧကမန္တံ ဌိတာ ခေါ သာ ဒေဝတာ ဘဂဝန္တံ ဂါထာယ အဇ္ဈဘာသိ။

---

## အပိုဒ်-၃။

မြတ် ရဟန္တာ၊ ရှင် ငါးရာနှင့်၊ ရှင်မဟာကဿပ၊ ပုဗ္ဗာ ပြုသော်၊ ဘုရာ့ညီမွန်၊ ရှင်အာနန်က၊ တို့ပြန်စကား၊ မှတ်သားစွဲပိုက်၊ ကျွန်ကြားလိုက်၏၊ မှတ်ပိုက်ဆောင်ရ၊ သမယကား၊ လောကတန်ခွန်၊ မြတ်ဆုံးစွန်သည်၊ အလွန်သာယာ၊ ကောသလဟု၊ ရဋ္ဌ သိရီ၊ သာဝတ္ထိ၌၊ ပြည်ကြီး လက္ခဏာ၊ ကြွယ်ဝစွာသား၊ အထနာပိဏ်၊ ကျော်ရှိန် ထွန်းတောက်၊

---

ကောသလ (ဋ္ဌ) ကောသလတိုင်း၊ ယခု''ဆဟေတ်မဟေတ်'' ခေါ်သည်။

ရဋ္ဌ (ဋ္ဌ) တိုင်းနိုင်ငံ။

ပြည်ကြီးလက္ခဏာ၊ ပြည်ကြီးလက္ခဏာ ၇—ပါးကား၊ ပြည့်ရှင်, အမတ်, ကျယ်မြတ်တိုင်းမ, လုံလှမြို့ပြ, ကျီကြီများစွာ, ဗိုလ်ပါတစ်ခင်, ဂုဏ်လျှင် အထူး ကျေးဇူးပြုတတ်, ခင်ပွန်းမြတ်။

တည်ထားဆောက်သား၊ရွှေကျောက်ရောင်ဝှန်၊ဇေတဝန်၌။ လေးတန် ယာဂိုဏ်၊ နေသော ကြိုက်တွင်၊ ဆုလှိုက်ဂုဏ် အင်၊မထင် မပေါ်၊မကျော် စောလှ၊ သုခ,သမ္ပတ်၊ စည်းစိမ် မြွတ်နှင့်၊အညတြ၊ နတ်ဒေဝကို၊ မာဃဧဟန်၊ နတ်တမန် လည်း၊ ညဉ့်သန်ခေါင်ခါ၊ ဆင်း၍လာလျှင်၊ ကိုယ်ဝါကိုယ် ရောင်၊ ဝင်းဝင်းပြောင်သော်၊ မှောင်ပျောက်၍ကွာ၊ ရတ နာစံလှော်၊ ကျောင်းတော်အလုံး၊ ရွှေရောင်ဖုံး၏၊ရွှေတုံး တူ ယောင်၊ ထိုနတ်မောင်လည်း၊ ဘုန်းခေါင်ရှိရာ၊ ခြောက်ဖြာ ပြစ်သွန်၊ ဇေကမန်က၊ ထိပ်စွန်အချာ၊ ရှိသေစွာဖြင့်၊ ငါးဖြာ အဉ္ဇလီ၊လက်အုပ်ချီ၍၊ ဗိဗိ,သသ၊ထိုဗန္ဓကား၊ တတြပကာ ရာ၊မည်ထိုက်စွာအောင်၊ ဂါထာသံချို၊ချွတ်ဆိုပုစ္ဆာ၊ မေး လျှောက်ဖွာသည်။ ။မျက်နှာ ရွှင်ရွှင်လန်းလန်းတည်း။

ဗဟူ ဒေဝါ မနုဿာစ၊
မင်္ဂလာနိ အစိန္တယုံ။
အာကင်္ခမာနာ သောတ္ထာနံ၊
ဗြူဟိ မင်္ဂလမုတ္တမံ။

---

ယာဂိုဏ်(ပါဠိပျက်)သာပသ=မျှတစွာနေတော်မူခြင်း။

ခြောက်ဖြာပြစ်လွှန်—ဝေးလွှန်း, နီးလွှန်း, လေညာ,မြင့်ရာ, ရှေ့တည့်တည့်, နောက်တည့်တည့်,၌ ဖ—ပါးကိုသွန်ကျော်၍။

အချာ(ပေါ်ရာကာ)အမြင့်အမြတ်။

အပိုဒ်-၄။

သိရီ, ပရက္ကမ၊ယသ, ဓမ္မော်၊ ထင်ပေါ် ကောင်းဟိတ်၊ ရှုသနိယ၊ကာမ ဟူသည့်၊ ခြောက်ဆူတန်ခွန်၊ဘုန်းတော်ညွန်သား၊ ဘဂဝန် မြတ်စွာ၊ စောထွတ်ချာ။ ။များစွာနတ်လူ၊မျိုးလေးဆူတို့၊အပြူအလွှင်၊သန့်စင်ကဲလွန်၊ နောက်မပြန်သား၊နိဗ္ဗာန်ခေမာ၊ ပြည် ချမ်းသာကို၊ လိုပါသဖြင့်၊ မြတ်မြင့်ရာရာ၊ မင်္ဂလာအပြား၊ အပါးပါးကို။ ဉာဏ်အားကိုးကာ၊ကြံကြပါသည့်၊ဆဲ့နှစ် ခါမည့်၊ နှစ်ပေါင်းလည်ပြီ၊ စိတ်ကြည်ညှိရာ၊သဒ္ဓါ ခိုင်ခိုင်၊ မကြံနိုင်ခဲ့၊ ငါးဆိုင်ရန်နှင်၊ ထွတ်သခင်သည့်၊ ထိုမင်္ဂလာ၊ မြတ်ဟုစွာကို၊ ၂ဟောပါစေချင်၊ရှိဦးတင်သည့်။ ။ဗုံလင်ကျယ်ကျယ် ဝန်းဝန်းတည်း။

အသေဝနာ စ ဗာလာနံ၊
ပဏ္ဍိတာနဉ္စ သေဝနာ။
ပူဇာ စ ပူဇနေယျာနံ၊
ဧတံ မင်္ဂလမုတ္တမံ။

---

သိရီ—သိရီ(ဋီ)ဘုန်းကြက်သရေ၊ ၃၂-ဖြာလက္ခဏာဟု ဆိုအပ်သော သိရီဘုန်းတော်။

ပရက္ကမ (ဋီ) ရင့်ကျက်သောလုံ့လ—ပယတ္တဘုန်းတော်။

ယသ(ဋီ)ထင်ရှားကျော်စောသော-ယသဘုန်းတော်။

ဓမ္မော်(ပါဠိပျက်)ဓမ္မော=လောကုတ္တရာတရားကိုးပါးဟုဆိုအပ်သော ဓမ္မဘုန်းတော်။

ရှုသရိယ(ဋီ)အစိုးရခြင်းတည်းဟူသော-ရှုသရိယဘုန်းတော်။

ကာမ(ဋီ) အလိုတော်အားလျော်စွာ ပြီးစီးစေနိုင်သော-ကာမဘုန်းတော်။

နိဗ္ဗာန်(ပါဠိပျက်) နိဗ္ဗာန—နိ—ဝါန=တဏှာမှထွက်မြောက်ရာ။

## အပိုဒ်-၅။

ဤသို့လျှောက်လျှင်၊ သုံးလူ့ရှင်လည်း၊ ရှစ်အင်္ဂါစုံညီ၊သံတော်ချို၍၊ ဗြဟ္မသိဟထုံး၊ စွဲနှလုံးဖြင့်၊မသုံးသံပ်လှ၊ စိတ်ကာ့မငြိ၊ ရွှင်ပီတိဖြင့်၊ မိန့်ရှိသည်မှာ၊ ဝတိန်သာကာ၊ ကုန္ဒြာဒေဝီ၊ သိကြားတမန်၊ မောင်နတ်မွန်။ ။လျှောက်ဟန်အရ၊ မင်္ဂလ အပြားငါမိန့်ကြားအံ့။ တရားမသိ၊ဒိဋ္ဌိအယူ၊ အမှုယှဉ်းချို၊သူ့ဘို့ကိုယ့်အား၊စီးပွါးမရှု၊ခုဝတ္တုမာန်၊ပစ္စုပ္ပန်နှင့်၊နောင်ဖန် ကောင်းကျိုး၊ မြတ်နိုး မပြု၊မကောင်းမှုကို၊ ပြုမည်သာပ၊ အားထုတ်ကြသည်၊ ဗာလ်ခေါ်ထိုက်၊ ထိုသူမိုက်ကို၊ ယည်ပိုက်ယှဉ်တွဲ၊ မမှီပဲလင့်။ ငရဲရှောင်ကွာ၊ ပြိတ္တာကင်းကွယ်၊ အပါယ်ကင်းလွတ်၊လူနတ်နိဗ္ဗာန်၊ သုံးတန်ချမ်းသာ၊ ရရာမှတ်သိ၊မြတ်ညာဏ်ရှိသူ၊ပဏ္ဍိတ်တို့ကို၊ မှီတွဲခိုလေ။ လိုမိုလ် တိုကာ၊ကိုးကွယ်ရာသား၊ သမ္မာသမ္ဗုဒ္ဓ၊ ပစ္စေကနှင့်၊ သာဝက သံဃာ၊ဆရာ,မိဘ၊ ဂုဏာထင်ပေါ်၊ ပူဇော်ထိုက်ငြား၊ သူမြတ်များကို၊ တရားပစ္စည်း၊ဤနှစ်လည်းဖြင့်၊ သိပ်သည်းကော်ရော်၊ ပူဇော်ရခြင်း။ အရင်းအဖျား၊ ဤသုံးပါးကို၊ ယုံမှားကင်းလွတ်၊ စိတ်နေ ညွတ်လျက်၊ လွန်မြတ်လှ

---

ရှစ်အင်္ဂါစုံညီ၊သံတော်ချို၍ကား၊ သန့်ရှင်း, သာယာ၊ လွန်သိသာ၊ နာဘွယ် မပြန့်ပေါ် ။ ။လုံးနက်ဝဲ့တင်၊ အင္ဂအင်၊ မြတ်ရှင်အသံတော်။ ဟူသည်နှင့် အညီတည်း၊

သမ္မာသမ္ဗုဒ္ဓ, ပစ္စေက(ဗုဒ္ဓ)သမ္မာ-သံ-ဗုဓ=မဖောက်မပြန်ကိုယ်တော်တိုင်သစ္စာလေးပါတို့ကို သိမြင်တော်မူသော သဗ္ဗညုဘုရား။ ။ပစ္စေက=တသီးတခြားအပါးအည်းသာ သစ္စာလေးပါးတို့ကို သိမြင်တော်မူသော ဘုရား။

စွာ၊ မင်္ဂလာဟု၊ သဒ္ဒါကဲလွန်၊နတ်တမန်သည်။ ။မှန်မှန်စွဲမှတ်ရာလေလော၀်။

ပတိရူပဒေသဝါသော စ၊
ပုဗ္ဗေ စ ကတပုညတာ။
အတ္တသမ္မာ ပဏိဓိ စ၊
ဧတံ မင်္ဂလမုတ္တမံ။

---

အပိုဒ်-၆။

ဗုဒ္ဓဝတိန်သာ ၊နတ်ဝဏ္ဏရာကာ၊ ဗုဒ္ဓါဒေဝ၊ သိကြား တမန်၊မောင်နတ်ပွန်။ ။လေ[illegible]တာန်စတ္တု၊ ဓမ္မဖြန့်ချို၊ ခေါ် အပ်ဘိသည့်၊ ပတိရူပ၊ သင့်လှလျှောက်ပတ်၊ မြင့်မြတ် ဒေသ၊ နေရခြင်းသည်၊ မှတ်ခင်းတသွယ်၊၊ ရှေးဝယ် ကာလ၊ ရှေးဘဝက၊ပုညဝတ္တု၊ပြုပုခဲ့ဘူး၊ အထူးရှိလစ်၊ထိုအဖြစ်လည်း၊ စင်စစ် တသွယ်၊၊စင်ကြယ်သီလ၊အတ္တသမ္မာ၊ ကိုယ်ကို သာလျှင်၊ကောင်းစွာ ညစ်ကြေး၊ကွာဝေး သန့်ရှင်း၊စောင့်စည်းခြင်းလည်း၊ယင်းလည်းတသွယ်၊၊မှတ်ဖွယ် ထင်ရှား၊ ဤသုံးပါးကို၊ ယုံမှားကင်းလွတ်၊ စိတ်နေညွတ်လျက်၊ လွန်မြတ်လှစွာ၊ မင်္ဂလာဟု၊ သဒ္ဒါကဲလွန်၊ နတ်တမန်သည်။ ။မှန်မှန်စွဲမှတ်ရာလေလော၀်။

---

စတ္တု(၄)စက်လေးပါးနှင့် ပြည့်စုံသည်ကိုဆိုသည်။ လေးပါးကား သင့်တင့်သောအရပ်၌ နေခြင်းစက်,အရိယာသူတော်ကောင်းတို့ကို မှီခဲဆည်းကပ်ခြင်းစက်,မိမိကိုယ်ကို ကောင်းစွာ ဆောက်တည်ခြင်းစက်, ရှေး၌ပြုခဲ့ဘူးသော ကောင်းမှုရှိသောစက်,ဤသို့လေးပါးတည်း။

ဗာဟုသစ္စဉ္စ သိပ္ပဉ္စ၊
ဝိနယောစ သုသိက္ခိတော။
သုဘာသိတာစ ယာဝါစာ၊
ဧတံ မင်္ဂလမုတ္တမံ။

---

အပိုဒ်-၃။

ငွေဝတိန်သာ၊ နတ်တို့ရွာက၊ ဗုဒ္ဓါ ဒေဝ၊ သိကြွားတမန်၊ မောင်နတ်မွန်။ ။အလွန်ကဲမှု၊ ဗာဟုသစ္စ၊ သုတစိန္တာ၊ ဘာဝနာဟု၊ များစွာ မှတ်သား၊ အကြားအမြင်၊ ဉာဏ်အင်တိုးပွါး၊ များသည့်တကြောင်း။ မကောင်းတို့လုတ်၊ ပါပဝဋ်မှ၊ ကင်းလွတ်သမျှ၊ သိပ္ပကဲမြတ်၊ အတတ်ထူးလည်း၊ တတ်သည့်တကြောင်း။ ပြော့ပျောင်းနှလုံး၊ ကိုယ်နှုတ်သုံး၍၊ ဆုံးမနိုင်သည့်၊ တွင်မည့် တကြောင်း၊ လူအပေါင်းတို့၊ နတ်စောင်းတီးဟွာ၊ ထို့ပမါသို့၊ နားမှာဝင်စေ၊ အနေသင့်ရာ၊ ကောင်းစွာပိုင်းခြား၊ စကားသံချို၊ ပြောဆိုရခြင်း၊ အခင်းတကြောင်း။ ပေါင်းလတ်တုံငြား၊ ဤလေးပါးကို၊ ယုံမှားကင်းလွတ်၊ စိတ်နေညွတ်လျက်၊ လွန်မြတ်လှစွာ၊ မင်္ဂလာဟု၊ သဒ္ဒါကဲလွန်၊ နတ်တမန်သည်။ ။မှန်မှန် စွဲမှတ် ရှာလေလောဝ်။

---

ဗာဟုသစ္စ (ဋ္ဌ) အကြားအမြင်များခြင်း။

သုတစိန္တာ၊ ဘာဝနာ- ဟူသည်ကား- သုတမယဉာဏ်၊ စိန္တာမယဉာဏ်၊ ဘာဝနာမယဉာဏ် သုံးပါး[illegible]တွန်းကား၊ ဖြစ်ပွားစေရးဦးစီး၊ ဌာန

စာ ပြ ည့် ဆို ထ်

၂၁၇၉၉[illegible]-ရန်ရှန်။

မာတာပိတု ဥပဋ္ဌာနံ၊
ပုတ္တဒါရဿ သင်္ဂဟော၊
အနာကုလာ စ ကမ္မန္တာ၊
ဧတံ မင်္ဂလ မုတ္တမံ။

---

အပိုဒ်-၈။

မြဝတိန်သာ၊ နတ်တို့ရွာက၊ ဇမ္ဗူဒိပ၊သိကြွားတမန်၊ မောင်နတ်မွန်။ ။ယာဂန်တောင်ညို၊ မြင်းမိုရ်မက၊ ဂုဏ်ကြီးလှသား၊ မိ,ဘ မည်သာ၊ မာတာပိတု၊ဤနှစ်ရက်၊ ဥပဋ္ဌာန၊ တုပ်ကွမြတ်လေး၊ စားဦးပေး၍၊ ကျွေးမွေး နိုင်စေ၊) လူဖြစ်လေမူ၊ သူတော်တကာ၊ ကျင့်ရာမှတ်သား၊ဝေဿ်ငါး ပျိုးဖြင့်၊ သား, မယားကို၊ ဆဲ,ဆို,စောင်းရိပ်၊ မနှိပ်,မစက်၊ ရိုက်နှက်ပန္နာ၊ ဖြစ်မရှာဘဲ၊ကောင်းစွာကျင့်လေ၊| စိတ်နေ ပြောင့်ဖြောင့်၊ သတိစောင့်လျက်၊ နှောင့်ရှက်လေဘွယ်၊ မှု ကြီးငယ်ကို၊လွှဲဖယ် ခွါမှု၊ရှောင်ရှားရှုလျက်၊ ပြုရခြင်းသည်၊ ၂ ကြံစည်မှတ်သား၊ဤသုံးပါးကို၊ယုံမှား ကင်းလွတ်၊စိတ်နေ ညွတ်,လျက်၊ လွန်မြတ်လှစွာ၊မင်္ဂလာဟု၊သဥ္ဆ ကဲလွန်၊ နတ် တမန်သည်။ ။မှန်မှန် စွဲမှတ်ရှာလေလော၌။

---

ယာဂန်(ပါဠိဖျက်)ယာဂဗွရ–ယာဂ ခရ၊ယာဂ=အစုံ၊ရေ=ဆောင်သည်။ ငါ၊ယာဂန္တို့ ရဲ့တောင်ကိုဆိုလိုသည်။

ဝတ်ငါးပါးဟူသည်ကား- မထိပုဲ့ကင်း၊ ဖေင်နှင်းညစ္စာ၊ မိန္တာမမှား၊ ဝတ်စားဆင်ယင်၊ မြတ်နိုးကြင်း၊ ငါးဖင် လင်ကျင့်ရေး၊ ။မကောင်းမြင်ထား ကောင်းရေးညွှန်လတ်၊ အတတ်သင်စေ၊ ပေးဝေနှီးရင်း၊ ထိမ်မြားခြင်း လျှင်၊ဝတ်ငါးဖင်၊အခင်,မယ်ဘုံတား၊

ဒါနဉ္စ ဓမ္မစရိယာ စ၊
ဉာတကာနဉ္စ သင်္ဂဟော။
အနဝဇ္ဇာနိ ကမ္မာနိ၊
ဧတံ မင်္ဂလမုတ္တမံ။

---

အပိုဒ်-၉။

ဖန်ဝတိန်သာ၊နတ်တို့ရွာက၊ ရှုန္ဒာဒေဝ၊သိကြွားတမန်၊ မောင်နတ်မွန်။ ။အန္နံ့ပါနံ၊ ဃာရံ့ဝတ္ထံ၊ ယာနံ့မာလံ၊ ဝိလေပနံ၊ဂန္ဓော့သေယျော၊ ပဒီပေါစ၊ဒသဝတ္ထု၊ ကောင်းမှုဟူသည့်၊ အလှူကံကျွေး၊ ပေးရခြင်းသည့်၊ တပါးမည့်၏၊ ငါးမည့် သီလ၊သုံးဝ သုစရိုက်၊ နှစ်ခြိုက် မှတ်သား၊တရားကောင်းမြင့်၊ကျင့် ရခြင်းသည့်၊ တပါးမည့်၏၊ မျိုးမည့်စပ်လေ၊ အဆွေရင်းချာ၊ ဉာတကာကို၊ဥစ္စာနှီးရင်း၊ ပေးခြင်းထောက်ပင့်၊ ချီးမြှင့်ခြင်းသည့်၊တပါးမည့်၏၊ လူ့ပြည်ရပ်ဆစ်၊ အပြစ်ရောက်ဘွယ်၊ ငယ်စေ့ကြီးစေ၊ နှီး့ဝေးစေတော့၊ရှောင်သွေကွာမှု၊ ဉာဏ်ဖြင့်ရှု၍၊ ပြုရခြင်းသည့်၊တပါးမည့်၏၊ လူ့ပြည်ထင်ရှား၊ ဤလေးပါးကို၊ ယုံမှားကင်းလွတ်၊ စိတ်နေ ညွတ်လျက်၊ လွန်မြတ် ဟုစွာ၊ မင်္ဂလာဟု၊ သဗ္ဗါကဲလွန်၊ နတ်တမန်သည်။ ။မှန်မှန် စွဲမှတ် ရှာလေလော၀်။

---

သုစရိုက် (ပါဠိပျက်) သုစရိတ၊သု=ကောင်း၊သော၊ စရိတ= အကျင့်စရိုက်၊ကောင်း၊သောကိုယ်,နှုတ်,နှလုံး ၃-ပါး၊တို့၏ အကျင့်ကို ဆိုသည်။

အာရတိ ဝိရတိ ပါပါ၊
မဇ္ဇပါနာ စ သံယမော။
အပ္ပမာဒေါ စ ဓမ္မေသု၊
ဧတံ မင်္ဂလမုတ္တမံ။

---

အပိုဒ်-၁၀။

ဖွဲ့ရောင် ဂိရိန်၊မြတ်ဝတိန်သာ၊နတ်တို့ရွာက၊ ဇာနုဒေဝ၊ ရာဇတမန်၊မောင်နတ်မွန်။ ။ဆယ်တန် ပါပ၊သာဝဇ္ဇမှ၊ကာယ ဝစီ၊ဤနှစ်ပါးဖြင့်၊ ရှောင်ရှားခြင်းသည်၊ တပါးမည်၏၊ဆယ်မည် သဘော၊ ပါပဇောမှ၊ မနေငြာရ၊ ရက္ခိတဖြင့်၊ဝေးစွ ဖဲကြဉ်၊ မယှဉ်ပါးခြင်း၊ ရှောင်ကွင်းကျင့်ရိုး၊ လုံ့လကြိုးလော၊ယစ်မျိုးဆယ်ပါး၊သောက်စားယွင်းလစ်၊ ထိုကျင့်ညစ်ကို၊ ပယ်ပစ် ရှောင်ကွင်း၊ စောင့်ရှောက်ခြင်းကား၊တပါးခေါ်ဆို၊ကုသိုလ်ကမ္မ၊ ဓမ္မသိမ်မွေ့၊မြတ်ဓလေ့၌၊မမေ့မလျော့၊ မပေါ့တုံလျှင်း၊ ယင်းလည်း တခြား၊ ဤလေးပါးကို၊ ယုံမှားကင်းလွတ်၊ ဝိတ်နေ ညွှတ်လျက်၊လွန်မြတ်လှစွာ၊မင်္ဂလာဟု၊ သဒ္ဒါကဲလွန်၊နတ်တမန်သည်။ ။ မှန်မှန် စွဲမှတ် ရှာလေလော်။

---

ယစ်မျိုးဆယ်ပါး-ဟူသည်ကား ပိဋ္ဌ,ပုဝ, ဩဒန, ကိဏ္ဏ, သမ္ဘာရေး ဟူသောသုရာငါးပါး။ ။ပုပ္ဖ,ဖလာ,မဓု,ဂုဠ,သမ္ဘာရ,ပဥ္စမေရယား ဟူသော အရက်ငါးပါး။ ။ပေါင်းဆယ်ပါးကိုဆိုသည်။

ဂါရဝေါ စ နိဝါတော စ၊
သန္တုဋ္ဌီ စ ကတညုတာ။
ကာလေန ဓမ္မဿဝနံ၊
ဧတံ မင်္ဂလ မုတ္တမံ။

---

## အပိုဒ်-၁၁။

ငွေရောင်ဂိရိန်၊မြတ်ဝတိန်သာ၊နတ်တို့ရွာက၊ဣန္ဒာဒေဝ၊ ရာဇတမန်၊ မောင်နတ်မွန်။ ။ဆုံးစွန်ကျော်ကြား၊ မြတ်ဘုရားနှင့်၊ တရား, သံဃာ၊ဆရာ, မိဘာ၊ဖိုးရသခင်၊အရှင်ဂုဏ်ထူး၊ ကျေးဇူးရှိပေ၊ သူမြတ်တွေကို၊ရိုသေ ဂါရဝ၊ပြုအပ်လှ၏၊ နှိမ့်ချထိုက်စွာ၊ နေရာ ကာလ၊ဇိပ်ရာ စသည်၊ ပြောထစကား၊အသွား,အလာ၊ အရာရာဌ်၊နိဝါတာဖြင့်၊ နှိမ့်ချအမြဲ၊ မာန်ကိုခွဲလော၊ရောင့်ရဲသိပ်သည်း၊ပညာတည်း၍၊ ပစ္စည်း ဥစ္စာ၊ရာ, မရာကို၊ ထောက်ညှာ ဆိုင်တွဲ၊ ရောင့်ရဲလွယ်ခြင်း၊နှလုံးသွင်းလော၊ တင်ခြင်း လွန်ဘျူး၊ ထိုကျေးဇူးကို၊အထူးသိစေ၊ခွဲဝေစိတ်ဖြာ၊အခါမှတ်သား၊ သိသောအားဖြင့်၊ တရားပေစာ၊ မှတ်နာရခြင်း၊ အရင်းအဖျား၊ ဤငါးပါးကို၊ ယုံမှား ကင်းလွတ်၊ စိတ်နေညွတ်လျက်၊ လွန်မြတ်လှစွာ၊မင်္ဂလာဟု၊ သဒ္ဒါကဲလွန်၊နတ်တမန်သည်။ ။ မှန်မှန် စွဲမှတ်ရှာလေလော့။

---

ဂါရဝ(ဌ)ရိုသေတုပ်ဝပ်ခြင်း။
နိဝါတ(ဌ)နှိမ့်ချခြင်း။

ခန္တီစ သောဝစဿတာ၊
သမဏာနဉ္စ ဒဿနံ။
ကာလေန ဓမ္မသာကစ္ဆာ၊
ဧတံ မင်္ဂလမုတ္တမံ။

---

## အပိုဒ်-၁၂။

မြရောင် ဂိရိန်၊ မြတ်ဝတိန်သာ၊ နတ်တို့ရွာက၊ ဇာနုဒ္ဒေဝ၊
ရာဇတမန်၊ မောင်နတ်မွန်။ ။ရှုန်းရန် ပုံချို၊ ပထဝီသည့်၊
မညီမညွတ်၊ ယုတ်မြတ်မကောင်း၊ သွန်းလောင်းဖွာလည်း၊
ခြင်းရာမခြား၊ မပေါက်ပြားသို့၊ တရားခန္တီ၊ သည်းခံ ၍
လော၊ ပါရမီရင့် ဆညာင်း၊ သူတော်ကောင်းတို့၊ မကောင်း
ရာပြင်၊ ကောင်းရာသင်၍၊ ယူငင်ပြုလတ်၊ စကားမြတ်ကို၊
စွဲမှတ် ခံနာ၊ တည်စေရာ၏၊ သမဏာ, ဗြာဟ္မဏာ၊ ဘိက္ခု
စသည့်၊ နာမခေါ် ညွန်း၊ ရဟန်းရသေ့၊ ဟူသရေရှိကို၊ ဖူးတွေ့
မျှော်ရှု ကြည်ညိုမှုလည်း၊ တခုမှတ်လေ၊ သိစေအခါ၊ ပညာ
ရှိထံ၊ တရားသံကို၊ နာခံ ဆွေးနွေး၊ မေးမြန်း ပြောဟော၊
နှီးနှောကုန်ရာ၊ အင်္ဂါပိုင်းခြား၍ လေးပါးကို၊ ယုံမှား ကင်း
လွတ်၊ စိတ်နေ ညွတ်လျက်၊ လွန်မြတ် ဖွစွာ၊ မင်္ဂလာဟု၊
သဒ္ဒါကဲလွန်၊ နတ်တမန်သည်။ ။မှန်မှန် စွဲမှတ် ရှာလေ
လော့ဝ်။

---

ရသေ့ (သဏ္ဍုဒ္ဒေသ) ရိသိမှ-ရိသေ့= ရသေ့ ဖြစ်လာသည်။

တပေါစ ဗြဟ္မစရိယဉ္စ၊
အရိယသစ္စာနဒဿနံ။
နိဗ္ဗာန သစ္ဆိကိရိယာစ၊
ဧတံ မင်္ဂလမုတ္တမံ။

---

## အပိုဒ်-၁၃။

ဖန်ရောင် ဂိရိန်၊ မြတ်ဝတိန်သာ၊နတ်တို့ ရွာက၊ဣန္ဒာဒေဝ၊ရာဇတမန်၊မောင်နတ်မွန်။ ။ညွန့်တညာဝ၊သီသာရမှ၊ထွက်ရလွယ်ကြောင်း၊ ရည်ဆုတောင်း၍၊ ထိန်းကျောင်းကိုယ်နှုတ်၊ဥပုသ် သီတင်း၊ ငြိုးခြံခြင်းဖြင့်၊ ဖြောင့်စင်းစွဲသုံး၊ နှလုံးမကျုန်း၊ကျင့်တန်း မှန်စွာ၊စောင့်စည်းရာ၏၊ လေးဖြာဖြဟ္မ၊ ဝိဟာရကို၊ သဗ္ဗသတ္တာ၊ သတ္တဝါပေါင်း၊ ပို့သွန်းလောင်း၍၊လေးကြောင်းဗြဟ္မစိုရ်ပွါးစိမ့်ခိုလော၊ထိုထိုခမ္မ၊ဝင့်သုံးဝကား၊ ဒုက္ခသစ္စာ၊တဏှာလောဘ၊သမုဒယသစ္စာ၊ခေမာအမတ၊ နိဗ္ဗာနကား၊ နိရောဓသစ္စာ၊ သမ္မာဒိဋ္ဌိ၊ အစရှိသည်၊ပြားဘိမှန်စွာ၊ အင်္ဂါခေါ်တွင်၊မဂ္ဂင်ရှစ်ပါး၊မင်္ဂလေးပါးကား၊တရားအရ၊ မဂ္ဂသစ္စာ၊ လေးဖြာဘေဒ၊အရိယဖွယ်ရာ၊သစ္စာ လေးအင်၊ သိမြင်ရဟာန်၊ တပါး မှန်၏။ နိဗ္ဗာန် သိမြောက်၊ လမ်းကောင်းလျှောက်၍၊မျက်မှောက်ပြုခြင်း၊သန့်ရှင်းပိုင်းခြား၊ ဤလေးပါးကို၊ ယုံမှား ကင်းလွတ်၊စိတ်နေ

---

ဒုက္ခသစ္စာ (ဋီ) ဆင်းရဲခြင်းအမှန်။ ။သမုဒယသစ္စာ (ဋီ)ဆင်းရဲဖြစ်ကြောင်းအမှန်။ ။နိရောဓသစ္စာ(ဋီ) ချုပ်ငြိမ်းရာအမှန်။ ။မဂ္ဂသစ္စာ(ဋီ)ကျင့်ကြံရာလမ်းအမှန်။ ။ဘေဒ(ဋီ)အပြား။

ညွတ်လျက်၊ လွန်မြတ်လှစွာ၊မင်္ဂလာဟု၊ သဒ္ဒါကဲလွန်၊နတ်တမန်သည်။ ။မှန်မှန်စွဲမှတ်ရှာလေလော်။

ဖုဋ္ဌဿ လောကဓမ္မေဟိ၊
စိတ္တံ ယဿ နကမ္ပတိ။
အသောကံ ဝိရဇံ ခေမံ၊
ဧတံ မင်္ဂလမုတ္တမံ။

---

အပိုဒ်-၁၄

ရွှေ,ငွေ,ရောင်ရှိန်၊ ဝင်းဝင်းထိန်သား၊ မြတ်ဝတိန်သာ၊ နတ်တို့ရွာက၊ဇာနွှာဒေဝ၊မာဃတမန်၊ မောင်နတ်မွန်။ ။ပြောင်းပြန်ရောနှော၊အ-လာဘောနှင့်၊လာဘောတူကွ၊အယသနှင့်၊ ယသမှတ်ကြံ၊ သုခံ,ဒုက္ခ၊ နိန္ဒ, ပသံသာ၊ ရှစ်ဖြာလောကဓံ၊ဆက်ဆံ ရစ်ငွေ့ကြုံလေတွေ့လည်း၊ ခါ၍မချန်၊ မတုန်မလှုပ်၊စောင့်ချုပ် မယိမ်း၊ မတိမ်းမပြို၊ထိုပုဂ္ဂိုလ်၏၊နဂိုရ်တည်ကြည်၊ စိတ်မြတ်သည်လည်း၊တမည့် မင်္ဂလာ၊ ရောက်ရာရောက်ဆစ်၊ဘေးရန်ဖြစ်လည်း၊ မညစ်မညှိုး၊မစိုးမရိမ်၊ချမ်းငြိမ်ပေးသူ၊စိတ်ကိုမူလည်း၊ ဖြူသည်မင်္ဂလာ၊ မှတ်လေရာ၏၊ တဏှာတစ်ချက်၊ ရမက်ကွာကင်း၊ ထိုအခြင်းလည်း၊ သန့်ရှင်းမင်္ဂလာ၊ဘေးမှကွာ၍၊ချမ်းသာရဟန်၊ နိဗ္ဗာန်ရသူ၊ နတ်လူဖြပ္ပာ၊မင်္ဂလာမည်ရ၊မြွက်ဟာပိုင်းခြား၊ ဤလေးပါးကို၊ယုံမှားကင်းလွတ်၊ စိတ်နေညွတ်လျက်၊လွန်

---

လောကဓံ (ပါဠိပျက်)လောကဓမ္မ–လောက၌ဖြစ်သောတရား။

မြတ်လှစွာ၊မင်္ဂလာဟု၊ သဒ္ဒါကဲလွန်၊ နတ်တမန်သည်။ ။
မှန်မှန်စွဲမှတ် ရှာလေလော့ဝ်။

ဧတာဒိသာနိ ကတွာန၊
သဗ္ဗတ္ထမပရာဇိတာ။
သဗ္ဗတ္ထ သောတ္ထိံ ဂစ္ဆန္တိ၊
တံတေသံ မင်္ဂလမုတ္တမံ။

---

အပိုဒ်-၁၅။

မြဲ့ဖန်, ရောင်ရှိန်၊ ဝင်းဝင်း ထိန်သည်၊ မြတ်ဝတိန်သာ၊ နတ်တို့ရွာက၊ ဗုဒ္ဓါဒေဝ၊ မာဃတမန်၊မောင်နတ်မွန်။ ။ ပြန်၍ တွက်ကျုံး၊ ပေါင်းကာရုံးမူ၊ သုံး, သုံးနှင့်လေး၊ သုံး, လေးလေးတည့်၊ငါးလေး,လေးနောက်၊လေးပါးလှောက်၍၊ ရှေ့ နောက်တွက်ချ၊သင်္ချာ့ဖွဲ့သော်၊ သုံးဆဲ့ ရှစ်ပြာ၊မင်္ဂလာကို၊ကောင်းစွာပြုရ၊ကျင့်ဆောင်ရမူ၊ ကာလသုံးဖြာ၊ရှစ်ဖြာအရပ်၊ရန်ခပ်သိမ်းပင်၊ လွတ်စင်ချမ်းသာ၊ ဘေးမျိုးကွာ၍၊ မဟာသောတ္ထိ၊ မှန်လှဘိ၏၊ သုခိတ စစ်၊ ဖြစ်ရခြင်းသည်၊ သုံးမည်ဘုံသူ၊ နတ်,လူ,ဗြဟ္မာ၊ သတ္တဝါတို့အား၊ စီးပွါးမှန်သာ၊ ဥတ္တမ မင်္ဂလာ၊ မှတ်လေရာ၏၊ဧတာဒိသာနိ၊ပါဠိအရ၊ အဋ္ဌတိံသ၊ ဝိတ်ဖြာအပြား၊ ဤတရားကို၊ ယုံမှားကင်းလွတ်၊ဝိတ်နေညွှတ်လျက်၊လွန်မြတ်လှစွာ၊မင်္ဂလာဟု၊သဒ္ဒါကဲလွန်၊နတ်တမန်သည်။ ။မှန်မှန်စွဲမှတ်ရှာလေလော့ဝ်။

---

အဋ္ဌတိံသ (၃၈) သုံးဆယ့်ရှစ်ဖြာမင်္ဂလာကိုဆိုသည်။

## အပိုဒ်-၁၆။

ရွှေ,ငွေ, မြ,ဖန်၊ ရောင်လေးတန်ဖြင့်၊ ယုဂန္ဓရ၊ စသည်မှောင်မှောင်၊တောင်ခုနစ်ခွေ၊ရေခုနစ်သွယ်၊ ဝန်းရစ်ကာနှင့်၊ ပဥ္စမာသိန်၊ဂိရိန်သာယီ၊မိပတိ၏၊ကာပိတန်ခွန်၊နတ်တမန်ကို၊ ဘဂဝန်မြွတ်စွာ၊ ဟောသော့ခါ၌၊ မိန္တာရန် ပြောင့်၊ သန့်ရှင်း ဖြောင့်သား၊ ရှစ်သောင်းလေးထောင်၊ စေ့အောင် မချွတ်၊အရဟတ်ဟု၊ အထွတ် ရောက်မှန်၊ မြတ်ဉာဏ်သောတာ၊သကဒါနှင့်၊ အနာဂါမိ၊ ကပ်ငြိမှိုက်,မင်္ဂ၊ အချက်ချက်ကား၊ ရေတွက် ခြင်း၌၊ မတတ်ရာတည့်၊ ဤစာ မင်္ဂလာ၊ သုတ္တန်ကို၊ ဘဝသခင်၊ ကြွင်သည်ဆရာ၊ မုံမှာအရ၊ ဇေးနှင့်ရွှတွင်၊ရမ္မဗိမာန်၊ ဇေတဝန် မည်ရှောင်း၊ သူ့ဌွေးကျောင်း၌၊ကိန်းအောင်းပျော်ရာ၊ အရိယာဝံသ၊အာဒိစ္စရံသီ၊ ကောဇာမှိမူ၊ ထောင်ချို,ရာချွ၊ ကိုးဆဲ့အမှတ်၊ ဝါတော်ကျွတ်ပြီး၊ ကျော်လွှတ် ဆယ်စေ့၊ ပူးမင်းနေ့တွင်၊ ချမ်းမြေ့သာယာ၊ လေးခါပဟိုရ်၊ဇေးသံချိုနှင့်၊နေညိုရဲရဲ၊ဝင်ဆဲဆဲတွင်၊အောင့်ပွဲသဘင်၊ အောင်ပန်းဆင်သည်။ ။အောင်မင်္ဂလာမြောက်ပြီးတည်း။

မင်္ဂလာသုတ် တဆဲ့ခြောက်ပုဒ်ပြီး၏။

---

ရေခုနစ်သွယ်-တောင်စဉ်ရ-ထပ်တို့၏အကြား၌တသွင်သွင်စီးကာဝန်းရံနေသော သီဒါ ရ-တန်ကိုဆိုသည်။

ပဥ္စမာသိန်-ပဥ္စ (၅) ငါးခုငါးဆင့်။ တာသိန်(ပါဠိပျက်) အာသိန္ဒ=အပြင်။

## ပေမူ တင်သော လင်္ကာ။

ယင်းထို ဤစာ၊ မင်္ဂလာသာရ၊ "ပျို့" ချုံ့မြကို၊ ပေါ်ထွက ခေါ်ပေပေါ် ၌တွင်၊ ရေးတင်ပါရ၊ မြတ်ပုညကြောင့်၊ ဘဝ တိုင်းဝယ်၊ အပါယ်မလား၊ ငါးပါးရန်သူ၊ မပြုဝေးကွာ၊ ဝေ ဒနာလည်း၊ ဆံလွှာမျှခန်း၊ မငြိစွန်းလျက်၊ တောက်ထွန်း ဉာဏ်ရောင်၊ ပြောင်ပြောင် လှင်းလင်း၊ ထိုးထွင်း၍သာ၊ မြတ်စွာဘုရား၊ ကိုယ်တော်ချားတို့၊ ဟောထားညွှန်ပြ၊ မြတ် ဓမ္မကို၊ ကျွန်သိလို၍၊ ထိုမှတဆစ်၊ အဖြစ်ဖြစ်၌၊ တက်သစ် နေသွင်၊ ကျော်ထင်နိုး့ ဝေး၊ လှူပေးဒါန၊ သီလ့ ဘာဝနာ၊ ကင်းမကွာလျက်၊ သမ္မတ်စက်တွင်၊ လေးချက်လုံးရုံ၊ ကြိုက် ငြားကြုံ၍၊ လူ့ ဘုံ့နတ်ရွာ၊ စံပြီးခါမှ၊ နောင်လာမိတော၊ ထွတ် ဘုန်းဝေသည့်၊ ခေမာသောင်သို့၊ ဝေနေတို့ကို၊ ပို့သောကာ လ၊ နိဗ္ဗာနကို၊ မုချအမြဲ၊ ကြွင်းရစ်ဘဲသည့်။ ။မလွှဲ ပါရ စေသတည်း။

မင်္ဂလာသုတ်ပျို့ပြီး၏။